AYA Bank
ဧရာဝတီဘဏ်
Your Trusted Partner

# Official Press Statement (8-3-2019)

## (၇-၃-၂၀၁၉) ရက်နေ့တွင် လူမှုကွန်ယက်ပေါ်တွင် ဖော်ပြလာသည့် သတင်းနှင့် ပတ်သက်၍ အခြေအနေများအား အများပြည်သူသို့ ရှင်းလင်း တင်ပြခြင်း။

ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့၏ အများပြည်သူများ သွားလာမှု ပိုမို၊ ချောမွေ့ လွယ်ကူစေရေး အတွက် ရည်သန်၍ ဆောင်ရွက်သည့် YBS စီမံကိန်းအား အထောက်အကူပြုစေရန် ဧရာဝတီဘဏ်အနေဖြင့် ပုဂ္ဂလိက ကုမ္ပဏီများသို့ ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ ချေးငွေ ထုတ်ပေးခဲ့ပါသည်။

ယခုအခါ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်နေသည့် ကုမ္ပဏီများအားလည်း ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ တွေ့ဆုံ ညှိနှိုင်း တောင်းခံခြင်း၊ ဘဏ်မှ တရားဝင် ချေးငွေတောင်းခံလွှာ ပေးပို့ခြင်း (Bank Notice) နှင့် ဘဏ်ရှေ့နေမှ တရားဝင် ချေးငွေတောင်းခံလွှာ ပေးပို့ခြင်း (Legal Notice) စသည်ဖြင့် လုပ်ထုံးလုပ်နည်းများနှင့် အညီ အဆင့်ဆင့် ဆောင်ရွက်ခဲ့ကာ ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ နှင့် ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှု အာဏာပိုင် အဖွဲ့၊ Yangon Region Transport Authority (YRTA) အဖွဲ့အား အကြောင်းကြား အကူအညီ တောင်းခံပြီး ယခုအခါ ဘဏ်အနေနှင့် တရားစွဲဆိုရန် ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့ ဧရာဝတီဘဏ်အနေဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ဧရာဝတီဘဏ်၏ ဘဏ္ဍာရေး အခြေအနေများ ကို တရားဝင် Website ဖြစ်သော www.ayabank.com တွင် ပွင့်လင်းမြင်သာမှုရှိစွာ အစဉ် ထုတ်ပြန် လျက်ရှိပါသည်။

လက်ရှိ ဧရာဝတီဘဏ်၏ ဘဏ္ဍာရေး အခြေအနေများအရ ယခုချေးငွေမှာ စုစုပေါင်း ပိုင်ဆိုင်မှု (Total Assets) ၏ ၁% ခန့်သာ ရှိပြီး မတည်ရင်းနှီးငွေမှာလည်း အဆိုပါ ချေးငွေထက် အဆပေါင်းမြောက်မြားစွာ ရှိသည့်အတွက် အများပြည်သူများ စိတ်ချယုံကြည်စွာဖြင့် ဘဏ်လုပ်ငန်း များကို ပုံမှန်အတိုင်း ဆက်သွယ် ဆောင်ရွက်နိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေး အကြောင်းကြား အပ်ပါသည်။

သတင်းထုတ်ပြန်ရေးကော်မတီ
ဧရာဝတီဘဏ်

Head Office : Yangon, Myanmar

No.416, Corner of Maharbandoola Road
& Maharbandoola Garden Street, Kyauktada Township.

Block No.(3/B), Quarter No-23(G-1)
Corner of Strand Road & Thit Taw Road,
River View Point Condominium, Ahlone Township

T +951 370500
F +951 370501
E info@ayabank.com.mm

www.ayabank.com
www.facebook.com/ayabank